EMReF
Enlightened Myanmar
Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၂၀)၊ ဒီဇင်ဘာ ၆ ရက်၊ ၂၀၁၆

## မွန်ပြည်နယ် ပြည်နယ်စည်ပင်သာယာရေး ကော်မတီကို ဖျက်သိမ်းရန် စီစဉ်

နိုဝင်ဘာလ ၂၉၊ ၂၀၁၆

မွန်ပြည်နယ်စည်ပင်သာယာရေး ကော်မတီအနေဖြင့် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်မှုများတွင် စီးပွားရေးဆန်ဆန်သာ လုပ်ဆောင်ခဲ့သည့် အားနည်းချက်များ၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု မရှိခြင်း စသည့် ရှုမြင်သုံးသပ်မှုများ ရှိလာခြင်းကြောင့် ယင်းကော်မတီကိုဖျက်သိမ်းနိုင်ရန် ဥပဒေကြမ်းရေးဆွဲထားကြောင်း မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး က ပြောကြားသည်။

မော်လမြိုင် တိုးချဲ့ကမ်းနားလမ်းစီမံကိန်းနှင့် သစ်ပုံဆိပ်အိမ်ယာစီမံကိန်းကဲ့သို့သောကိစ္စမျိုးသည် ပြည်သူ၏ဆန္ဒနှင့် တထပ်တည်းမကျခဲ့ခြင်းကြောင့် အစိုးရအကျိုးစီးပွားကိုဆက်နွှယ်နေသည့် ပုံစံမျိုးဖြစ်ရကြောင်း ၎င်းက ဥပမာပေးပြောဆိုသည်။ လက်ရှိဖွဲ့စည်းထားသည့် မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် မော်လမြိုင်ကဲ့သို့သော မြို့ကြီးများအတွက်သာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး အခြားမြို့များကို လွှမ်းခြုံနိုင်ခြင်းမရှိသည်ကိုလည်း တွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောသည်။ ယင်းဥပဒေကြမ်းကိုအတည်ပြုနိုင်ရန် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အများကမလိုအပ်ဘဲ ဖွဲ့စည်းထားသည်ဟု သတ်မှတ်သည့် ပြည်နယ်စည်ပင်သာယာရေးကော်မတီကို ဖျက်သိမ်းလိုက်ခြင်းမှာ သင့်တော်သည့် ဆုံးဖြတ်ချက်ဟု ထင်မြင်မိကြောင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟု ထင်မြင်ကြောင်း မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးနေဝင်းက ပြောကြားသည်။

မွန်ပြည်နယ်စည်ပင်သာယာရေး ကော်မတီကိုဖျက်သိမ်း၍ မြို့နယ်စည်ပင်သာယာရေးကော်မတီများကိုသာ ထားရှိဆောင်ရွက်ရန် အများသဘောဆန္ဒအတိုင်း ယင်းဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲခဲ့ကြောင်း ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

"ပြည်နယ် စည်ပင်သာယာရေးကော်မတီကိုဖြုတ်လိုက်တာက ပြည်သူတွေရဲ့ ပါဝင်မှုကို ကန့်သတ်တာဖြစ်သလို ဒီမိုကရေစီစံနှုန်းအရလည်း လူထုရဲ့ပူးပေါင်းမှုကို ကန့်သတ်လိုက်သလို ဖြစ်သွားတယ်"ဟု မော်လမြိုင်မြို့ခံ ဦးမောင်မောင်ဇော်ထွန်းက သုံးသပ်ပြောဆိုသည်။

၂၀၁၂ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော မွန်ပြည်နယ် စည်ပင်သာယာရေးဥပဒေသည် အားနည်းချက်တချို့ ရှိခဲ့ခြင်းကြောင့် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင်လည်း ပြန်လည်ပြင်ဆင်ခဲ့ပြီး ယခုတွင် ထပ်မံပြင်ဆင်ရန် ဥပဒေကြမ်းရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော်မှ သိရသည်။

*(ကိုးကား - http://burmese.bnionline.net/ဟသ်ာမီဒီယာမှ ကောက်နုတ်တင်ပြသည်)*

## သတင်းတို

■ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးကို လာမည့် ဒီဇင်ဘာ ၇ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော်ရုံးမှ သိရသည်။စတုတ္ထအကြိမ်မှာ ကျင်းပမည့် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အဆို ၄ ခု၊ မေးခွန်း ၃၀ ကျော် မေးမြန်းသွားမည့်အပြင် ဆားလုပ်ငန်းဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်း တင်သွင်းမည်ဟုလည်း သိရသည်။

*(ကိုးကား -http://burmese.bnionline.net/ မွန်သတင်းအေဂျင်စီမှ ကောက်နုတ်တင်ပြသည်)*

■ ယာမြေပြန်လည်ရရှိရန် တိုင်ကြားသည့်ကိစ္စနှင့်ပတ်သက်၍ ကြားနာ၊ မေးမြန်းခြင်းကို ကယားပြည်နယ်လွှတ်တော်၌ နိုဝင်ဘာ ၂၅ ရက်နေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

*(ကိုးကား - ကယားပြည်နယ်လွှတ်တော် Facebook Page မှ ကောက်နုတ်တင်ပြသည်)*

### သတင်းဓာတ်ပုံ



ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ဒီဇင်ဘာ ၁ ရက်နေ့တွင် ကျင်းပနေစဉ်။
*(ကိုးကား-Kachin State Hluttaw Facebook Page)*

## သတင်းဓာတ်ပုံ




ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်နှင့် UN WOMEN တို့ ပူးပေါင်းကျင်းပသည့် "မြန်မာနိုင်ငံအမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ် အစီအစဉ်တစ်ခုအတွက် အမျိုးသားအဆင့်လုပ်ငန်း အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲ"ကို နိုဝင်ဘာ ၂၈ ရက် နေ့ နှင့် ၂၉ ရက်နေ့တွင် ဘားအံမြို့ တော် ဝင်ရတနာဟိုတယ်တွင် ကျင်းပခဲ့သည်။ *(ကိုးကား - မင်္ဂလာပါနှင်းဆီ Facebook Page)*

## သတင်းတို

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှ ဦးဆောင်ပြင်ဆင်ရေးဆွဲလျက်ရှိသည့် ရန်ကုန်တိုင်းစည်ပင်သာယာရေးဆိုင်ရာ ဥပဒေများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြင်ဆင်ရေးဆွဲမည့် စည်ပင်သာယာရေးဆိုင်ရာ နည်းဥပဒေများကို ပြည်သူလူထုထံ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာ၍ ပြည်သူ့ဆန္ဒသဘောထားများအားတောင်းခံပြီး ထည့်သွင်းစဉ်းစားသွားရန် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်း (၃၀) က သဘောထားအား နိုဝင်ဘာ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

*(ကိုးကား - Charity-Oriented Myanmar)*

# ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေချိုးဖောက်သူများကို စစ်ဆေးရေးအဖွဲ့ဖြင့် အရေးယူမည်ဟုဆို

နိုဝင်ဘာ ၂၇၊ ၂၀၁၆

ဧရာဝတီတိုင်းဒေသကြီးတွင် ရေသယံဇာတ ငါးသယံဇာတမပြုန်းတီးစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ(၂/၂၀၁၂)ကို ချိုးဖောက်သူများနှင့် အရေးမယူသော တာဝန်ရှိသူများကို အဖွဲ့ဖွဲ့ပြီး ကွင်းဆင်းစစ်ဆေးကာ အရေးယူမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းက ပြောကြားသည်။

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး တတိယပုံမှန်အစည်းအဝေးတွင် သာပေါင်းမဲဆန္ဒနယ် အမှတ် ၁ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မိုးဝါက ယင်းကိစ္စအပေါ် တိုင်းဒေသကြီးအစိုးရက ထိထိရောက်ရောက် တာဝန်ယူဆောင်ရွက်ပေးရန် တိုက်တွန်းမှုကို ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ငါးဖမ်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဘက်ထရီရှော့ခ်ရိုက် ငါးဖမ်းခြင်း၊ အင်းများကို ရေကုန်အောင်ပက်ကာ ဆေးချခြင်း၊ ချုံချငါးဖမ်းခြင်း၊ လုပ်ပိုင်ခွင့်မရှိသော နေရာများတွင် ကျားပိုက်ထောင်ခြင်း၊ တရားဝင်ဆည်ချက်မဟုတ်သည့်နေရာတွင် ဆည်ချခြင်း၊ အင်းများကို လေလံခံပေါ်တွင် မရောင်းချမီ ငါးဖမ်းခွင့်ပေးခြင်းစသည့် ဥပဒေချိုးဖောက်မှုများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ထိရောက်စွာ အရေးမယူကြောင်း ဒေါ်ခင်မိုးဝါက ပြောသည်။

ရေချိုငါးလုပ်ငန်း ဥပဒေချိုးဖောက်မှုများနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးရန် အဖွဲ့ဖွဲ့ကာ ဆောင်ရွက်ရေးအတွက် Cabinet အစည်းအဝေးတွင် ဆုံးဖြတ်ထားကြောင်း ဦးဘဟိန်းက ပြောဆိုသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးမှူးကို ခေါင်းဆောင်အဖြစ်ထားရှိ၍ငါးလုပ်ငန်း ဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ငါးလုပ်ငန်းကျွမ်းကျင်သူ ၂ ဦး၊ အရပ်ဘက်အဖွဲ့အစည်းများမှ ၅ ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သိရသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်)*

# တနင်္သာရီလွှတ်တော် ကော်မရှင် ၂ ခု အတည်ပြု

ဒီဇင်ဘာ ၅၊ ၂၀၁၆

နိုဝင်ဘာလ ၂၈ ရက်နေ့မှ စတင်ကျင်းပလျက်ရှိသည့် ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဥပဒေလေ့လာသုံးသပ်ရေး ကော်မရှင်နှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်အကြံပြုရေးကော်မရှင်တို့ကို အတည်ပြုခဲ့ခြင်း ဖြစ်သည်။

"ကော်မရှင်ဖွဲ့စည်းဖို့ ကြိုးစားနေတာကြာပါပြီ"ဟု တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောသည်။

ကော်မရှင်ဖွဲ့စည်းရန်အတွက် အဓိက အခက်အခဲမှာ သင့်တော်သည့် ပြင်ပပညာရှင်များ ပါဝင်နိုင်ရန် စိစစ်ကာစည်းရုံးပြောဆိုရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။



ဖွဲ့စည်းအတည်ပြုလိုက်သည့် ကော်မရှင်နှစ်ခုတွင် ဥပဒေလေ့လာသုံးသပ်ရေး ကော်မရှင်ကို ရေဖြူမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးလှထွေးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေ၊ ထားဝယ်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခနှင့် ဥပဒေအရာရှိများ စုစုပေါင်း အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းသည်။

"အရင် လွှတ်တော်က အတည်ပြုထားတဲ့ တိုင်းဒေသကြီး ဥပဒေ ၁၁ ရပ်ကို ပြန်လေ့လာသုံးသပ်ပြီး ကော်မတီကို တင်ပြမယ်" ဦးလှထွေးကပြောသည်။

ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ စိစစ်အကြံပြုရေးကော်မရှင်အဖွဲ့ကို ပုလောမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း (ခ)ဦးဖိုးမင်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး တိုင်းလွှတ်တော်ကိုယ်စားလှယ် တစ်ဦးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ စုစုပေါင်းအဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းသည်။

*(ကိုးကား - တနင်္သာရီဂျာနယ်မှ ကောက်နုတ်တင်ပြသည်)*

## သတင်းဓာတ်ပုံ



ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်တို့သည် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ပဲခူး တိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ (မူကြမ်း)အား ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ ရက်နေ့တွင် ကျင်းပနေစဉ်။

*(ကိုးကား - Bago Region Hluttaw Facebook Page)*

# မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဖယ်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

နိုဝင်ဘာ ၃၀၊ ၂၀၁၆

Forum of Federations (ဖက်ဒရယ်နိုင်ငံများဖိုရမ်)၏ အစီအစဉ်အရ Forum of Federations Myanmar Country Office က ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်နှင့် ပူးပေါင်းပြုလုပ်သည့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ပြင်ဦးလွင်မြို့ရှိ ရွှေနန်းထိုက်ဟိုတယ်တွင် နိုဝင်ဘာလ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ငွေနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးအဖွဲ့ဝင်များ စုစုပေါင်း (၆၀)ဦး တက်ရောက်ကြသည်။



"ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဆက်စပ်နေတဲ့ကိစ္စလည်းဖြစ်တယ်၊ ကျွန်တော်တို့နိုင်ငံကလည်း ဖက်ဒရယ်စနစ်ကိုသွားဖို့ လုပ်နေတယ်။ ဒီကနေ့ပွဲမှာ ကျွန်တော်တို့အနေနဲ့ အရင်က ကြားဖူးနေတဲ့၊ ပြောဆိုနေတဲ့ ဖက်ဒရယ်ဆိုတာကို အသေးစိတ် သိခွင့်ရတယ်၊ ဖက်ဒရယ်စနစ်ကို အကောင်ထည်ဖော်ကြတဲ့အခါမှာ ဒီပွဲမှာ လေ့လာရတာတွေက အများကြီး အကျိုးပြုမယ်လို့ ထင်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ မှတ်ချက်ပြု ပြောကြားသည်။

ဆွေးနွေးခဲ့ကြသည့် ခေါင်းစဉ်များမှာ ဖက်ဒရယ်စနစ်ဆိုင်ရာ သဘောသဘာဝများ၊ သီအိုရီများ၊ ဖက်ဒရယ်စနစ်တွင် လုပ်ပိုင်ခွင့်အာဏာများခွဲဝေခြင်း၊ မတူကွဲပြားမှုများ စီမံခန့်ခွဲခြင်း၊ ဖက်ဒရယ်စနစ် အတွင်း လူနည်းစုအခွင့်အရေးကို ကာကွယ်ပေးခြင်း၊ ဖက်ဒရယ်စနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာ အစီအမံများ၊ ဒေသန္တရအစိုးရများနှင့် အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်တို့ဖြစ်ပါသည်။ ထပ်မံ၍ ဖယ်ဒရယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကရင်ပြည်နယ်လွှတ်တော်ရုံးတွင် ဒီဇင်ဘာ ၈-၉ ရက်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ကြီးဟိုတယ်တွင် ဒီဇင်ဘာ ၉-၁၁ ရက်နေ့တွင်လည်းကောင်း ကျင်းပသွားမည်ဟု သိရသည်။

*(ကိုးကား- Forum of Federations Myanmar Country Office Facebook Page မှ ကောက်နုတ်တင်ပြသည်)*